## ဝင်ငွေခွန်

- ဝင်ငွေခွန်ထမ်းဆောင်မည့်သူများအတွက်လိုအပ်သည့်အချက်အလက်များ
  ၁။ ထိုင်းနိုင်ငံတွင်ရောက်ရှိနေသောမြန်မာနိုင်ငံသားများဝင်ငွေခွန်ပေးသွင်းရာတွင် ရေးသွင်းရမည့်ဝင်ငွေခွန်ကြေညာလွှာအားဖြည့်သွင်းရပါမည်။
  ၂။ Work Permit /Non ED/ Non O / Non Immigrant ရရှိပြီးသူများ
  ၃။ နိုင်ငံကူးလက်မှတ်-မူရင်း/မိတ္တူ(ဓာတ်ပုံပါစာမျက်နှာနှင့်ဗီဇာပါသည့်စာမျက်နှာ)
  ၄။ ယခင်ဝင်ငွေခွန်ဆောင်ပြီးကြောင်းပြေစာ(မူရင်း/မိတ္တူ)
- ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိကြသော မြန်မာနိုင်ငံသားများနှင့် မြန်မာသံရုံးမရှိသော အခြားနိုင်ငံများမှ မြန်မာနိုင်ငံသားများအား ၂၀၁၁ခုနှစ် ဇူလိုင်လထိ ဝင်ငွေ၏ (၁၀)ရာခိုင်နှုန်းကို လည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၁ခုနှစ်၊ ဩဂုတ်လ(၁၈)ရက်စွဲပါစာအမှတ်၊ ဘခ-၂/၁၁(၂၀၆၈/၂၀၁၁) အရ ၂၀၁၁ခုနှစ် ဩဂုတ်လမှစ၍ (၂) ရာခိုင်နှုန်းသို့ လျှော့ပေါ့၍ လည်းကောင်း ဝင်ငွေခွန်အဖြစ် ကောက်ခံ၍ နိုင်ငံတော်ဘဏ္ဍာငွေစာရင်းသို့ ပေးသွင်းရပါသည်။ (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှစတင်၍ ပြည်ပနေနိုင်ငံသားများက နိုင်ငံခြားငွေဖြင့်ရရှိသည့် လစာခေါင်းစဥ်အောက်ရှိဝင်ငွေစုစုပေါင်းအပေါ်ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ပေးဆောင်ရသော ဝင်ငွေခွန်ကို ဝင်ငွေခွန်နည်းဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)အရ ကင်းလွတ်ခွင့်ပြုကြောင်းကို ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ(၂၁)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၁) ဖြင့် ထုတ်ပြန်ကြေငြာခဲ့ပါသည်။
- ယင်းသို့ဝင်ငွေခွန်များပေးဆောင်ရာတွင် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက် ရှိကြသော မြန်မာနိုင်ငံသားများအား ထိုင်းနိုင်ငံ၏ အခြေခံ(အနိမ့်ဆုံး)လစာကို ဘတ် ၆၀၀၀/- သတ်မှတ်ထားရှိပါသည်။

## နိုတြီထောက်ခံစာများ

- ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာဌာနမှ မှန်ကန်ကြောင်းလက်မှတ်ပါရှိသော ထိုင်းနိုင်ငံမှ ကုမ္ပဏီဆိုင်ရာ နိုတြီများ၊ နေပြည်တော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာဌာနမှ မှန်ကန်ကြောင်းလက်မှတ်ပါရှိသော မြန်မာနိုင်ငံမှ နိုတြီများ (အိမ်ထောင်စုလူဦးရေစာရင်း၊ မွေးစာရင်းများ၊ သေစာရင်းများ၊

မှတ်ပုံတင်များ၊ လက်ထပ်စာချုပ်များနှင့် ကိုယ်စားလှယ်လွှဲစာချုပ်များ)ကို မှန်ကန်ကြောင်း ထပ်ဆင့် ထောက်ခံပါသည်။

**အခွန်ကင်းရှင်ကြောင်းထောက်ခံစာ**

- မြန်မာနိုင်ငံကူးလက်မှတ် မိတ္တူ၊ အခွန်းပြေစာ(မူရင်း/မိတ္တူ)တို့ပါရှိရပါမည်။